
THE WHITE LOTUS GROUP
ဘုံသုံးပါးမှ
စာအိတ်နီအုပ်စု
(ရှောင်ဖေး)
(Chapter 99 - 112)
စာစဥ် - ၈

# ဘုံသုံးပါးမှစာအိတ်နီ
# (Red Envelope Group of the Three Realms)
## အပိုင်း (၉၉)
## အခမဲ့ကြော်ငြာ

အဖိုးတန်သွေးနီကျောက်စိမ်းကား ပျက်စီးသွားခဲ့ပြီ ဖြစ်သည်။

ဝမ်ဖုန်းနှင့်ရှုကွမ်တို့နှစ်ဦးသည် ဈေးကြီးကြီးပေးကာဝယ်လာခဲ့သည့် အဖိုးတန်ကျောက်က အမှိုက်ဖြစ်နေသည်ဟု ကြားလိုက်ရသောအခါ မြေပေါ်ပစ်လဲကျလုနီးပါးဖြစ်သွားသည်။ ၎င်းကျောက်ကိုဝယ်ရန် ယွမ်ဆယ်သန်းခန့်သုံးခဲ့ရသည်။ သူတို့က ထိုကျောက်နှင့်ရှောင်ဖေးကို အနိုင်ယူရန် ကြံရွယ်ထားခြင်းဖြစ်သည်။

"သေချာကြည့်ကြည့်။ ဒါကအမှိုက်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။"

ဝမ်ဖုန်း ဒေါသတကြီးအော်ဟစ်လိုက်သည်။

ဝရော ကတောက် တောက် တောက်...

ကျိုးပဲ့နေသော သွေးနီကျောက်စိမ်းအပိုင်းစများက ပုံးထဲမှသွန်ချလိုက်သည့် ဆန်စေ့များအလား ကျောက်ထဲမှကြမ်းပေါ်သို့ ထွက်ကျလာသည်။ ကျိုးပဲ့နေသော အစနများက သုံးစား၍မရနိုင်လောက်အောင် သေးငယ်ပြီး အတန်ငယ်ကြီးသော အပိုင်းများက အက်ကြောင်းများဖြင့်ပြည့်နှက်နေသည်။

လူအုပ်ကြီးလည်း ကျောက်က အမှိုက်ဖြစ်သွားပြီမှန်း နားလည်လိုက်

သည်။ တစ်ချိန်ကတန်ဖိုးကြီးသော အဖိုးတန်သွေးနီကျောက်စိမ်းသည် ယခု အခါမှာတော့အမှိုက်လုံးလုံးဖြစ်သွားပြီ ဖြစ်သည်။

သူတို့လောင်းကစားပွဲရဲ့အဖြေသည်ရှင်းလင်းစွာထွက်လာခဲ့သည်။

"ဟော့ အရှုံးကောင်။ မင်းနောက်ဆုံးပြောခဲ့တဲ့စကားကိုမှတ်မိသေးလား။"

ရှောင်ဖေးက ပြုံးကာ ဝမ်ဖုန်းကိုကြည့်ပြီးလှောင်ပြောင်သရော်လိုက် သည်။

"ငါ..."

ဝမ်ဖုန်း မျက်နှာက အစိမ်းရောင်ပြောင်းသွားသည်။ကျောက်ရိုင်းတွင်းရှိ အဖိုးတန်ကျောက်စိမ်းက အမှိုက်ဖြစ်သွားမည်ဟု သူမျှော်လင့်မထားခဲ့ပေ။

"ဝမ်ဖုန်းရှင်ရှုံးသွားပြီ။ ကျေးဇူးပြုပြီး ကိုယ့်ကတိကိုယ်တည်ပါ။ ရှင်ပြော ခဲ့တဲ့စကားအတိုင်း ရှင်ကယောက်ျားပီပီသသနဲ့ကိုယ်ကတိကို တန်ဖိုးထား လိမ့်မယ်လို့ ကျွန်မမျှော်လင့်တယ်။"

လန်မုန့်ချန်က အေးစက်စက် မျက်နှာလေးဖြင့် ခပ်မာမာပြောလိုက်သည်။

တစ်ချိန်က ဝမ်ဖုန်းသည် လန်မုန့်ချန်၏ အရှေ့တွင်ကြွားဝါပြီး ထိုစကား ကိုဆိုခဲ့တာကြောင့် သူငြင်းလို့မရတော့ချေ။

"ငါ သေချာတာပေါ့။ ငါ့ကတိကိုငါတည်မှာပါ"

"ဟား...ဟား...ဒါဆို မင်းလက်ထဲက အဖိုးတန်အပိုင်းစလေးတွေကို ငါက ကူညီပြီးယူပေးရမှာပေါ့"

ရှောင်ဖေးက တောက်ပစွာပြုံးပြီး ကျယ်လောင်စွာပြောလိုက်သည်။

"ကျောက်ရိုင်းပြပွဲကို ကြွရောက်လာခဲ့တဲ့ လူကြီးမင်းတို့။ ကျုပ်ကဟောဒီ အရည်သွေးကောင်းတဲ့ အလယ်အလတ်အဆင့်ကျောက်စိမ်းတွေကို လေလံတင်ပြီး ရောင်းချင်ပါတယ်။ ဈေးအမြင့်ဆုံးပေးနိုင်တဲ့လူကိုရောင်းပါ

မယ်။"

ရှောင်ဖေး အစောပိုင်းဝမ်ဖုန်းဖြတ်ခဲ့သည့်ကျောက်စိမ်းများကို ရောင်းမည်ဟုကြော်ငြာလိုက်သောအခါ ပတ်ဝန်းကျင်မှ လူများအားလုံး စိတ်လှုပ်ရှားတက်ကြွသွားသည်။ လက်ရှိပြပွဲကို တက်ရောက်သော လူတော်တော်များများသည် ကျောက်စိမ်းကိုနှစ်သက်မြတ်နိုးကြသည်။ ပြပွဲအတွင်း၌ အရည်သွေးကောင်းသည့် ကျောက်စိမ်းများကို ဝယ်နိုင်ရန် ကျားချောင်းချောင်းနေသည့် သူဌေးသူကြွယ်များလည်းရှိသည်။ကျောက်စိမ်းလောကတွင် ဆိုရိုးတစ်ခုရှိသည်`တစ်စုံတစ်ယောက်က ရွှေဈေးနှုန်းကို တင်နိုင်ပေမယ့် ကျောက်စိမ်းကိုတော့ မနှိုင်းယှဉ်နိုင်ဘူး´ဟူ၍ ဖြစ်သည်။

ထိပ်တန်းအရည်သွေးရှိသည့် ကျောက်စိမ်းတစ်တုံးသည် ကမ္ဘာပေါ်တွင်ရှိသော မည်သည့်ရွှေထက်မဆိုရှားပါးကာအဖိုးတန်သည်။ ချမ်းသာသော သူဌေးသူကြွယ်များသည် ကျောက်စိမ်းတစ်တုံးကိုသဘောကျသွားလျှင် တန်ဖိုးမည်မျှရှိစေကာမူဝယ်ယူကြမည်သာဖြစ်သည်။ ရှောင်ဖေး လေလံပစ်လိုက်သည့် ကျောက်စိမ်းများသည် ဝမ်ဖုန်းထံမှအနိုင်ရခဲ့သည့်ကျောက်စိမ်းများဖြစ်ပြီး အလယ်လတ်အဆင့်ကျောက်များဖြစ်သည်။ လူအုပ်ကြီးသည် လေလံစပစ်လိုက်သည်နှင့် ကျောက်စိမ်းများကို စပြီးအပြိုင်ဆိုင်ဈေးခေါ်ကြသည်။ ဒါကြောင့်ကျောက်စိမ်း၏ တန်ဖိုးကလည်း ချက်ခြင်းဆိုသလို တဖြည်းဖြည်းမြင့်တက်သွားသည်။ ကျောက်ရိုင်းပြခန်းအတွင်းတွင် ချက်ခြင်းဆိုသလို လေလံပွဲအသေးစားလေးတစ်ခု ဖြစ်သွားခဲ့သည်။တခြားလူများ လေလံဆွဲနေချိန်တွင် ရှောင်ဖေးကကျောက်စိမ်းများကို ပတ်ပတ်လည်မှ ဓာတ်ပုံအချို့ရိုက်ယူလိုက်သည်။ သူက ဒီအခွင့်ရေးကိုသုံးချကာ သူ့ဆိုင်ကို ကြော်ငြာရန်စိတ်ကူးထားသည်။ ထို့နောက် ရှောင်ဖေးက ရိုက်ကူးထားသည့် ဓာတ်ပုံများအား ဝေ့ပေါ် ပေါ်တင်လိုက်သည်။ ချက်ခြင်းဆိုသလို

သူ၏ပို့စ်အောက်တွင်လိုက်ခ်များ၊ ရှဲယ်လ်များနှင့် မှတ်ချက်များပြည့်နှက်သွားသည်။ ၎င်းသည်အင်တာနက် ဆယ်လီတစ်ယောက်၏ အစွမ်းပင်ဖြစ်သည်။

လေလံတင်ပြီးနောက် ကျောက်စိမ်းအားလုံး လျှင်မြန်စွာရောင်းထွက်သွားသည်။ သူ ဝမ်ဖုန်းထံမှ ရခဲ့သောကျောက်စိမ်းများ၏ ခန့်မှန်းချေတန်ဖိုးသည် ယွမ်သန်းခုနှစ်ဆယ်ဝန်းကျင်ဖြစ်သည်။ လေလံတင်ပြီးနောက် ကျောက်စိမ်းတန်ဖိုးက သန်းတစ်ရာအထိ မြင့်တက်သွားခဲ့သည်။ လေလံအောင်သွားသူများက ငွေကို သူ့ရဲ့ဘဏ်အကောင့်ထဲသို့ လွှဲပေးကြသည်။ ယခင်ဗလာနီးပါးဖြစ်နေသည့် သူ၏ဘဏ်အကောင့်ထဲတွင် ချက်ခြင်းဆိုသလို သုညများစွာတိုးလာခဲ့သည်။

ရှောင်ဖေးက သူဝယ်ယူခဲ့သော ကျောက်စိမ်းလေးတုံးကိုတော့ မရောင်းခဲ့ချေ။ အသွင်ပြောင်းမီးတောက်ကိုသုံးပြီး ကျောက်စိမ်းလက်ဝတ်တန်ဆာအချို့ပြုလုပ်ရန်ဆုံးဖြတ်ထားသည်။ ၎င်းပစ္စည်းများဖြင့် သူ့ဆိုင်ကိုလာသည့်ဧည့်သည်များကို ဆွဲဆောင်နိုင်ရန် အတွက် ဆိုင်တွင်ပြသဖို့တွေးထားသည်။ တခြားတဖက်တွင်မူ ရှောင်ဖေးသည် ဖြတ်တောက်ပြီးသည့်ကျောက်စိမ်းအကျိုးအပဲ့များကို အိတ်တစ်ခုထဲ သိမ်းကျုံးထည့်လိုက်သည်။ ကြမ်းပေါ်မှ အစနများတောင်မချန်ခဲ့ပေ။

အသွင်ပြောင်းမီးတောက်၏ အကူညီဖြင့်ဆိုပါက ဤကျိုးပဲ့နေသောကျောက်စိမ်းများသည် လက်ရာမြောက်ကျောက်စိမ်းပန်းပုများအဖြစ်အသွင်ပြောင်းပစ်လိုက်နိုင်မည် ဖြစ်သည်။

ယင်းပန်းပုရုပ်များက သူ့ဆိုင်၏ ထင်ရှားသောပြယုဒ်တစ်ခုဖြစ်လာပေလိမ့်မည်။ အသုံးမဝင်သော အမှိုက်များအား အဖိုးတန်အရာများအဖြစ်ပြောင်းလဲနိုင်စွမ်းရှိသော မီးလျှံစွမ်းရည်မှာ သူ့အတွက်တော့ ရွှေတွင်းပင်

ဖြစ်သည်။ ရှောင်ဖေးတစ်ယောက် ကောင်းစားနေသည်ကိုကြည့်ရင်း ဝမ်ဖုန်း သူ့နှလုံးထဲမှ သွေးစိမ်းရှင်ရှင်စီးကျနေသလို ခံစားလိုက်ရသည်။ ရှောင်ဖေး ပိုင်ဆိုင်သွားသော သန်းတစ်ရာသည် သူ၏ပိုင်ဆိုင်မှုဖြစ်သည်။ ဒါပေမယ့် ကံမကောင်းစွာနဲ့ပဲ ငွေထုပ်က ရှောင်ဖေး၏ ဘဏ်အကောင့်ထဲ ရောက်သွားပြီဖြစ်သည်။

"မစ္စတာဖုန်း။ စိတ်အေးအေးထားပါ။ စိတ်မဆိုးပါနဲ့။ ဒီနေ့ငါတို့ရှုံးခဲ့ပေမယ့် နောက်တစ်ခါဆိုငါတို့သေချာပေါက်နိုင်လိမ့်မယ်။"

ရှူကွမ်က ဝမ်ဖုန်းအား နှစ်သိမ့်နိုင်ရန်ကြိုးစားလိုက်သည်။

"ချီးထဲမှပဲ။ မင်းက ငါခံစားနေရတာကိုနားလည်လို့လား။"

ဝမ်ဖုန်းက ဒေါသတကြီးအော်ဟစ်ပြီး ရှူကွမ်မျက်နှာကိုထပ်ခါထပ်ခါ ရိုက်နှက်လိုက်သည်။

"ဒီကျောက်ရိုင်းကို မဝယ်ချင်ပါဘူးလို့ ငါပြောခဲ့သားနဲ့ ချီးမို့လို့ မင်းက အတင်းဝယ်ခိုင်းတာလား။အခုငါရှုံးသွားပြီ။ အဲ့တာမင်းစောက်သုံးမကျလို့။ ဒါတွေအားလုံးမင်းကြောင့်ပဲ။ ခွေးမသား။ မင်း နောက်နေ့ နေထွက်တာကို မမြင်နိုင်အောင် ရိုက်ပစ်မယ်။"

ဖြောင်း ဖြောင်း ဖြောင်း

ဝမ်ဖုန်းက ရှူကွမ်ကို ရိုက်နှက်ခြင်းဖြင့် သူ့ဒေါသများကိုဖွင့်ထုတ်လိုက်သည်။ အဆက်မပြတ် ရိုက်နှက်ခံရပြီးနောက် ရှူကွမ်၏ မျက်နှာက ဝက်ခေါင်းအဖြစ် ပြောင်းသွားခဲ့သည်။

"ဟေ့ ညီအကို မင်းရဲ့အဖေကို တစ်ချက်လောက်လှည့်ကြည့်စမ်းပါဦးကွ"

ဝမ်ဖုန်းနားထဲ သူ့အနောက်မှ လှောင်ပြောင်လိုက်သည့် အသံကို ကြားလိုက်ရသည်။

ဖြောင်း...

သူအနောက်ကို မှုန်ကုတ်ကုတ်ဖြင့် လှည့်ကြည့်လိုက်သည်။ ရင်းနှီးနေသည့် အငွေ့သက်ကို သတိမထားမိလိုက်တာကြောင့် ကြီးမားသောလက်ဝါးကြီးက သူ့မျက်နှာသို့ ပြေးဝင်လာသည်။ ထိုရင်နှီးနေသော ခွန်အားနှင့် ရိုက်ချက်သည် ရှောင်ဖေးကို နာမည်ဆိုးဖြင့်ကျော်ကြားစေသည်။ သူ၏ပါးရိုက်ခြင်းကို ခံစားဖူးသည့်လူများသာ သူ့ရဲ့လက်စွမ်းကို ကောင်းကောင်းနားလည်နိုင်မည်ဖြစ်သည်။

အူးးးး

ဝမ်ဖုန်းက နာကျင်စွာညည်းတွားလိုက်ပြီး ခြေထောက်များယိုင်နဲ့သွားသည်။

ဖြောင်း...ဖြောင်း...ဖြောင်း...

ရှောင်ဖေးက ဝမ်ဖုန်းမြေပေါ်လဲသွားသည်အထိ မစောင့်ခဲ့ချေ။ သူက ဝမ်ဖုန်းမျက်နှာကို အဆက်မပြတ်ရိုက်နှက်လိုက်သည်။ ဝမ်ဖုန်းက မုန်တိုင်းကြားက လှေငယ်လေးတစ်စင်းအလား ယိမ်းထိုးနေသည်။

"ပါးဆယ်ချက်။ လိုလည်းမလိုဘူး၊ ပိုလည်းမပိုဘူး။"

ရှောင်ဖေးက ကျေနပ်စွာ ပြုံးလိုက်ကာ ဖုန်ခါပြီး ကျောက်စိမ်းထည့်ထားသည့် အိတ်ကိုဆွဲလျက် လန်မုန့်ချန်၊ ဂူကျွင့်ဖန်တို့နှင့်အတူ ပြခန်းမှထွက်သွားခဲ့သည်။

"ရွတ်...ရွတ်...ရွတ်...ငါ့မျက်နှာလေး။"

ဝမ်ဖုန်း၏ ဝက်ခေါင်းမှ နှပ်များ၊ မျက်ရည်များ စီးကျနေပြီး ယောင်ကိုင်းနေသော မျက်နှာကို လက်ဖြင့်အုပ်ကိုင်ထားသည်။ သူကအနိုင်ကျင့်ခံရသည့် ကလေးတစ်ယောက်အလား ဝမ်းနည်းပက်လက်ငိုကြွေးနေခဲ့သည်။

သူတို့ထွက်လာသည်ကို မြင်သောအခါ လူအုပ်ကြီးက သူတို့အနားဝိုင်းလာပြီး ပြောလာကြသည်။

"ကောင်းလေး မင်းဒီကျောက်စိမ်းလေးတုံးကိုရောရောင်းမှာလား။ ငါတို့မင်းတောင်းတဲ့ဈေးပေးမယ်။"

"ကျုပ်ဒီကျောက်စိမ်းလေးတုံးကို ခုတော့မရောင်းနိုင်သေးဘူး"

ရှောင်ဖေးကပြုံးပြီး ကျယ်လောင်စွာပြောလိုက်သည်။

"အကယ်၍ ခင်ဗျားတို့က ဒီကျောက်စိမ်းနဲ့ လုပ်ထားတဲ့လက်ဝတ်တန်ဆာတွေကို ဝယ်ချင်ရင်တော့ နောက်တစ်ပတ်အတွင်း ကျုပ်ရဲ့ဖေးချန်လက်ဝတ်ရတနာဆိုင်ကိုကြွလှမ်းခဲ့ဖို့ဖိတ်ခေါ်ပါတယ်။ ကျုပ်ဆိုင်မှာခင်ဗျားတို့လိုချင်တဲ့ ကျောက်စိမ်းအားလုံးကို ဝယ်နိုင်ပါတယ်။ နောက်ပြီး ကျောက်စိမ်းနဲ့ အထူးပြုလုပ်ထားတဲ့အနုပညာပစ္စည်းတွေကိုလည်း ကျုပ်ရောင်းမှာပါ။ ခင်ဗျားတို့ ကျုပ်ဆိုင်မှာဈေးဝယ်ရင်း အချိန်ကောင်းတွေပိုင်ဆိုင်ရစေမယ်လို့ အာမခံတယ်"

"ဖေးချန်လက်ဝတ်ရတန်ဆိုင်ဟုတ်လား။ ဒီမတိုင်ခင်ကငါတစ်ခါမှမကြားဖူးဘူး။"

"အဲ့တာက အသစ်ဖွင့်ထားတဲ့လက်ဝတ်ရတနာဆိုင်လား။ လိပ်စာကဘာလဲ။"

"ကျောက်စိမ်းနဲ့ အထူးပြုလုပ်ထားတဲ့ အနုပညာပစ္စည်းတွေလား။ ငါမင်းဆိုင်ကိုသေချာပေါက်လာခဲ့မယ်။ ငါ့ကိုဆိုင်လိပ်စာပြောပြဦး"

လူအုပ်ကြီးက စိတ်လှုပ်ရှားပျော်ရွှင်သွားသည်။ သူတို့ကရှောင်ဖေး၏ဆိုင်လိပ်စာကို ကိုယ်စီတောင်းခံလိုက်ကြသည်။

ရှောင်ဖေးက ကျေနပ်စွာရယ်မောပြီးနောက် ပြောလိုက်သည်။

"ဆိုင်က ကျူပ်ဖွင့်ထားတဲ့လက်ဝတ်ရတနာဆိုင်အသစ်ပါ။ ဆိုင်လိပ်စာကတော့ အရင်က တဖုန်းလက်ဝတ်ရတနာဆိုင်ဖြစ်ခဲ့ဖူးတယ်။ နောက်အပတ်ထဲမှာ ကျူပ်ဆိုင်ကို တရားဝင် ဖွင့်ပွဲအခမ်းနားကျင်းပမှာ။ ခင်ဗျားတို့ကျူပ်ဆိုင်ကို လာရောက်အားပေးခဲ့ရင်ကျူပ်နာမည်ကိုပြောလိုက်ပါ။ ခင်ဗျားတို့ကိုနှစ်ဆယ်ရာခိုင်နှုန်းဈေးလျှော့ပေးမယ်။ ဒါကကျူပ်ဆိုင်ကကျောက်စိမ်းအဆင်တန်ဆာတွေဝယ်တဲ့အခါ ရမယ့်အထူးလျှော့ဈေးပဲ။"

"အိုကေ ဒါကအရမ်းကောင်းတယ်။ ငါတို့မင်းဆိုင်ကိုကျိန်းသေလာခဲ့မယ်။"

"မှတ်ထားပါ ခင်ဗျားတို့ငွေချေရင် ကျူပ်နာမည်ပြောလိုက်ရင် နှစ်ဆယ်ရာခိုင်နှုန်း အထူးလျှော့ဈေးကိုရလိမ့်မယ်"

"ကောင်းပြီ မင်းငါတို့ကိုစောင့်နေ။ ငါတို့သေချာပေါက်လာခဲ့မယ်။"

စိတ်လှုပ်ရှားဖွယ်ရာများပြီးနောက် လူများက အုပ်စုခွဲသွားကြသည်။ ကျောက်စိမ်းချစ်သူများက ရှောင်ဖေးပြောခဲ့သည့် အသေးစိတ်အချက်လက်များကိုမှတ်သားထားကြသည်။

"ဟား…ဟား…ငါ သူတို့ကို ပစ္စည်းတွေ ရောင်းနေချိန်မှာ ဆိုင်ကိုပါကြော်ငြာလိုက်တယ်။ ငါကအရမ်းစမက်ကျတာပဲ။"

ရှောင်ဖက ကျေနပ်စွာရယ်မောလိုက်သည်။

ရုတ်တရက် တစ်စုံတစ်ယောက်က သူ့လက်မောင်းကိုညင်သာစွာဆုပ်ကိုင်လာသည်။

"ငတုံးကောင် ဘာလို့ဆိုင်နာမည်ကို ဖေးချန်လို့ပြောလိုက်တာလဲ။ နင်ငါ့ကိုနည်းနည်းပါးပါးတောင် မတိုင်ပင်ဘူး။နင့်ဆိုင်နာမည်ကြီးက အရမ်းရိုးလွန်းတယ် မထင်ဘူးလား။"

လန်မုန့်ချန်က နှုတ်ခမ်းလေးစူပြီး ရွှတ်နောက်နောက်ပြောလိုက်သည်။

"ဟား...ဟား...မနေ့ညက ငါကောင်းကင်ကို ကြည့်လိုက်တော့ကြယ်တွေစုံနေတာကို တွေ့ရတယ်။ ဒါနဲ့ ငါစဉ်းစားကြည့်လိုက်တော့ ဆိုင်နာမည်ကို ဖေးချန်လို့ပေးလိုက်ရင် အရမ်းကံကောင်းမယ်ဆိုတာကို ခံစားမိလိုက်တယ်။ ငါနင့်ရဲ့ခွင့်ပြုချက်တောင်းဖို့တောင် အချိန်မရခဲ့ဘူး။"

ရှောင်ဖေးက မျက်နှာထက်တွင် အပြုံးကိုဆင်မြန်းရင်းပြောလိုက်သည်။

"ဖေးချန် ဖေးချန်။ ဒီနာမည်က ဆိုင်ကို တကယ်ပဲကံကောင်းစေမှာလား။"

လန်မုန့်ချန်က ဇဝေဇဝါဖြင့်မေးလိုက်သည်။

ရှောင်ဖေးက သာမန်လူမဟုတ်တာကိုတော့ သူမရှင်းရှင်းလင်းလင်းသိထားသည်။

"သေချာတာပေါ့။ ဒီစကားလုံးနှစ်လုံးမှာ ဖေးနဲ့ချန်ကအတူတကွလို့ အဓိပ္ပာယ်ရတယ်။ သူတို့တူတူရှိနေချိန်မှာ ကံကောင်းခြင်းတွေကိုယူဆောင်လာလိမ့်မယ်"

ရှောင်ဖေးက ခပ်တည်တည်ဖြင့် ပြောလိုက်သည်။

"ဟမ့်...ငါကတော့နင်နဲ့ အတူတူမနေနိုင်ပါဘူး။"

လန်မုန့်ချန်ရဲ့မျက်နှာလေးက ရဲရဲနီသွားသည်။ ထို့နောက် သူမက ရှောင်ဖေးနဲ့ဘေးချင်းယှဉ်လျှောက်ပြီး ပြောလိုက်သည်။

"နင် ငါ့အဖေသတ်တာကိုမခံချင်ရင် နောက်တစ်ခါ ဒီလိုမနောက်ပြောင်သင့်ဘူး။"

ရှောင်ဖေး မျက်မှောင်ကြုတ်လိုက်သည်။ သူကလန်မုန့်ချန်နှင့်နီးကပ်စွာလျှောက်ပြီး ပြောလိုက်သည်။

"ငါဘာကိုမှမကြောက်ဘူး။ သူ ငါ့ကိုမသတ်နိုင်ခင် ငါ နင်နဲ့အတူရှိနေဦး

မှာ။ ဘယ်သူကပိုမြန်တယ်ဆိုတာ ငါတို့မကြာခင် တွေ့ရလိမ့်မယ်"

***